Panasonic

# စက်ကိရိယာလည်ပတ်ခြင်းနှင့် စက်ကိရိယာတပ်ဆင်ခြင်း အသုံးပြုပုံလမ်းညွှန်

## အလိုအလျောက်လည်ပတ်သော အဝတ်လျှော်စက် (အိမ်သုံး)

Model No. **NA-F90S7**



## အကြောင်းအရာ


| | |
|---|---|
| ဘေးကင်းမှုအတွက် ကြိုတင်သတိပြုရန် | 2 |
| အစိတ်အပိုင်းများအကြောင်း ရှင်းပြခြင်း | 3 |
| စက်လည်ပတ်မှု ထိန်းချုပ်ဘောင်ကွက် | 4 |
| ညွှန်ကြားချက် (ပရိုဂရမ်) အမျိုးမျိုး | 5 |
| ချေးချွတ်ဆေး (ဆပ်ပြာမှုန့်) | 6 |
| လျှော်ဖွတ်ခြင်း | 7 |
| လျှော်ဖွတ်ရန် ရွေးချယ်မှုများ<br>• နူးညံ့သော<br>• စောင်<br>• လေမှုတ်အခြောက်ခံခြင်း<br>• လျှော်ဖွတ်သည်။ ရေကျင်းသည်။ လှည့်သည် | 8 |
| အဆင်ပြေ လုပ်ဆောင်ချက်များ | 10 |
| ပြုပြင်ထိန်းသိမ်းမှု | 10 |
| စက်ကိရိယာတပ်ဆင်ခြင်း | 12 |
| ပြဿနာအား ရှာဖွေရှင်းပေးခြင်း | 14 |
| မှားယွင်းချက် ပြသခြင်း | 15 |
| ခွဲခြားဖော်ပြပေးခြင်း | 16 |


ဤစက်ပစ္စည်းအား ဝယ်ယူအသုံးပြုသည့်အတွက် ကျေးဇူးတင်ပါသည်။

- စက်ပစ္စည်းအား အသုံးမပြုမီ အကောင်းဆုံးစွမ်းဆောင်မှုနှင့် ဘေးကင်းမှုအတွက် ဤညွှန်ကြားချက်များကို သေချာစွာဖတ်ပါ။
- ဤအသုံးပြုပုံလမ်းညွှန်အား နောင်တွင်လည်း အသုံးပြုရန် အညွှန်းအဖြစ် သိမ်းဆည်းထားပါ။


AWW9901C1B00
A0717-0(M)
Printed in Vietnam
07-2017

# ဘေးကင်းမှုအတွက် ကြိုတင်သတိပြုရန်

**ဘေးကင်းမှုအတွက် ကြိုတင်သတိပေးချက်များကို ဖတ်ရှုလိုက်နာဆောင်ရွက်ပါ။**

## ⚠ WARNING




### ပါဝါကြိုးနှင့် ပလတ်ခေါင်းအား အောက်ဖော်ပြပါ အချက်များအတိုင်း မပြုလုပ်ရ။

(မီးဘေးအန္တရာယ်နှင့် လျှပ်စစ်ရှော့ခ်ဖြစ်ခြင်းမှ ကာကွယ်ရန်)

- ရေစိုလက်ဖြင့် ပါဝါကြိုးပလတ်အား တပ်ဆင်ခြင်း သို့မဟုတ် ဖြုတ်ခြင်းမပြုလုပ်ရ။
- ပလတ်ပေါက်မှ ပလတ်ဖြုတ်လျှင် ကြိုးကိုကိုင်၍ ဆွဲဖြုတ်ခြင်း မပြုလုပ်ရ။
- ပျက်စီးနေသော ပါဝါကြိုးနှင့် ပလတ်အား အသုံးပြုခြင်း မပြုရ။ အကယ်၍ ပါဝါကြိုးပျက်နေလျှင် ဘေးအန္တရာယ်ကို ရှောင်ရှားရန် ထုတ်လုပ်သူပစ္စည်း၊ ယင်း၏ ဝန်ဆောင်မှုကိုယ်စားလှယ် သို့မဟုတ် အလားတူအရည်အသွေးပြည့်မီသော ကုန်ပစ္စည်းများဖြင့် အစားထိုးရမည်။

### ပါဝါကြိုးနှင့် ပလတ်ခေါင်းအား အောက်ဖော်ပြပါအချက်များ အတိုင်း လိုက်နာဆောင်ရွက်ပါ။

(မီးဘေးအန္တရာယ်နှင့် လျှပ်စစ်ရှော့ခ်ဖြစ်ခြင်းမှ ကာကွယ်ရန်)

- ဤစက်ပစ္စည်းတစ်ခုတည်းအတွက် လိုအပ်သောအဆင့်သတ်မှတ်ချက်နှင့် ကိုက်ညီသည့် ပလတ်ပေါက်တစ်ခုကိုသာ အသုံးပြုပါ။ တွဲဆက်မီးခေါင်း adaptor နှင့် extension ကြိုး မသုံးပါနှင့်။
- ပလတ်ပေါက်ထဲသို့ ပါဝါပလတ်ကို အဆုံးထိရောက်အောင် တပ်ဆင်အသုံးပြုပါ။
- ပါဝါပလတ်ကို အခါအားလျော်စွာ ခြောက်သွေ့သော အဝတ်စဖြင့် သန့်ရှင်းပေးပါ။ (တင်ကျန်လာသော ဖုန်မှုန့်များသည် အစိုဓာတ်ကို စုဆည်းပေးပြီး လျှပ်ကူးမှု ကာကွယ်ပေးခြင်းကို ပျက်ကွက်စေကာ မီးလောက်ခြင်းကို ဖြစ်ပေါ်စေနိုင်သည်)
- သန့်ရှင်းရေးမပြုလုပ်မီ ပါဝါကြိုးကို ဖြုတ်ထားပါ။

### စက်ပစ္စည်းအား သင်ကိုယ်တိုင် ဖြုတ်ခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပြုပြင်မွမ်းမံခြင်း လုံးဝမပြုလုပ်ရ

- စက်ချို့ယွင်းပျက်ကွက်မှုတစ်စုံတစ်ရာဖြစ်ပါက အသုံးပြုခြင်းကို ချက်ချင်းရပ်တန့်ပြီး ပါဝါကြိုးကို ဖြုတ်လိုက်ပါ။ ပြုပြင်ရန်အတွက် အနီးဆုံး ဝန်ဆောင်မှုစင်တာကို ဆက်သွယ်မေးမြန်းပါ။

### ကလေးများ ကိုယ်တိုင်အသုံးပြုခြင်းကို ခွင့်မပြုပါနှင့်။

- ဤစက်ပစ္စည်းကို ကလေးများအပါအဝင် ရုပ်ပိုင်း၊ စိတ်ပိုင်း သို့မဟုတ် အာရုံခံစားမှုပိုင်း အားနည်းသောသူများ သို့မဟုတ် အတွေ့အကြုံနှင့် အသုံးပြုပုံမသိရှိသေးသောသူများ၏ ဘေးကင်းမှုအတွက် တာဝန်ရှိသူတစ်ဦးမှ ညွှန်ကြားချက် သို့မဟုတ် ကြီးကြပ်ပေးမှုမပါပဲ အသုံးမပြုပါစေနှင့်။
- စက်ပစ္စည်းကို ကလေးများ ဆော့ကစားခြင်းမပြုစေရန် ကြီးကြပ်ပေးရမည်။

### စက်ပစ္စည်းကို မီးနှင့်အဝေးတွင် ထားရှိပါ။ မီးလောင်လွယ်သောပစ္စည်းများ သို့မဟုတ် အဝတ်များကို စည်ပိုင်းတွင် မထည့်ပါနှင့်။ စက်ပစ္စည်းနှင့် အဝေးတွင် ထားရှိပါ။

(မီးလောင်ခြင်း သို့မဟုတ် ပေါက်ကွဲခြင်းမှ ကာကွယ်ရန်)

- ဥပမာ - ရေနံဆီ၊ ဓာတ်ဆီ၊ အရက်ပျံ၊ သင်နာ၊ အရက် စသည်ဖြင့်။

### လုံးဝရပ်တန့်မသွားမီ စည်ပိုင်းကို မထိပါနှင့်။

(ထိခိုက်ဒဏ်ရာရခြင်းမှ ကာကွယ်ရန်)

- စည်ပိုင်းလှည့်သည့် လုပ်ငန်းစဉ်အတွင်း အဖုံးပွင့်နေပြီး ၁၅ စက္ကန့်အတွင်း ရပ်တန့်မသွားပါက စက်ပစ္စည်းကို ချက်ချင်းပိတ်လိုက်ပါ။ ဝန်ဆောင်မှုပေးသူအား ဆက်သွယ်မေးမြန်းပါ။

### မြေစိုက်ကြိုးတပ်ဆင်ပါ။

(လျှပ်စီးပတ်လမ်းမှ လျှပ်စစ်ရှော့ခ်ဖြစ်ခြင်းကို ကာကွယ်ရန်)

- မြေစိုက်ကြိုးတပ်ဆင်နိုင်ရန် ဝန်ဆောင်မှုပေးသူအား ဆက်သွယ်မေးမြန်းပါ။
- ၂-ပင် ပါဝါကြိုးဖြစ်နေပါက မြေစိုက်ကြိုးငုတ်တည်ဆောက်ပါ။

### သံလိုက်များနှင့် သံလိုက်ဓာတ်ပါသောဝတ္ထုပစ္စည်းများကို စက်လည်ပတ်မှု ထိန်းချုပ်ဘောင်ကွက်နှင့် အဝေးတွင် ထားရှိပါ။

- အဖုံးပွင့်နေပင်လျှင် စည်ပိုင်းလှည့်နေမည်ဖြစ်ပြီး ထိခိုက်ဒဏ်ရာရရှိစေနိုင်ပါသည်။

# အစိတ်အပိုင်းအမည်များ

## ⚠ CAUTION



**ထိခိုက်ဒဏ်ရာရခြင်း သို့မဟုတ် စက်ပစ္စည်းပျက်စီးစေခြင်း ဖြစ်ပေါ်စေနိုင်သည်။**

**ရေစိုခံအိပ်ရာခင်းများ သို့မဟုတ် အဝတ်အထည်များကို လျှော်ဖွတ်ဆေးခြင်း မပြုပါနှင့်။**

(စက်လှည့်နေစဉ်အတွင်း စက်ပစ္စည်း အလွန်အမင်းလှုပ်ခါလာဆန်ခတ် လှုပ်ရှားနေလျှင် အဓိကယူနစ်၊ နံရံများ၊ အောက်ခံကြမ်းခင်း သို့မဟုတ် ဗီဒိုခန်းအား ထိခိုက်ပျက်စီးစေခြင်း၊ ရေယိုစိမ့်မှုဖြစ်ခြင်းမှ ကာကွယ်ရန်)

- မိုးကာအကျီ၊ ရော်ဘာအကျီ စသည်ဖြင့်။


**အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ပါ။**

- နေရောင်တိုက်ရိုက်ထိတွေ့သောနေရာ သို့မဟုတ် အပူရှိသော နေရာနှင့် အဝေးတွင်ထားပါ။ (စက်ပစ္စည်းချွတ်ယွင်းခြင်း သို့မဟုတ် ရုပ်ပျက်စေခြင်းမှ ကာကွယ်ရန်)
- စက်ပစ္စည်းနှင့်အတူ ရေပိုက်အစုံ ထောက်ပံ့ရေးပစ္စည်းသစ်များကို အသုံးပြုပြီး ရေပိုက်အစုံအဟောင်းကို အသုံးမပြုပါနှင့်။
- အဖုံးအဖွင့်၊ အပိတ်ပြုလုပ်ချိန်တွင် လက်မညှပ်မိစေရန် သတိပြုပါ။
- သင့်လက်နှင့် ခြေထောက်များကို အဓိကယူနစ်အောက်တွင် မထည့်ပါနှင့်။ (လည်ပတ်နေသော အစိတ်အပိုင်းများအားဖြင့် ထိခိုက်ဒဏ်ရာရခြင်းမှ ကာကွယ်ရန်)
- စက်ပစ္စည်းပေါ်တက်ခြင်း သို့မဟုတ် လေးလံသောပစ္စည်းများ တင်ထားခြင်း မပြုပါနှင့်။ (ရုပ်ပျက်ခြင်းနှင့် ကျိုးပဲ့ပျက်စီးခြင်းအားဖြင့် ထိခိုက်ဒဏ်ရာရခြင်းမှ ကာကွယ်ရန်)
- အဖုံးကျိုးပဲ့ပျက်စီးနေပါက စက်ပစ္စည်းအား အသုံးပြုခြင်းမှ ချက်ချင်း ရပ်တန့်ပါ။ (ရုပ်ပျက်ခြင်းနှင့် ကျိုးပဲ့ပျက်စီးခြင်းအားဖြင့် ထိခိုက်ဒဏ်ရာရခြင်းမှ ကာကွယ်ရန်)
- ရေပူပေးဝေမှုစနစ်နှင့် ချိတ်ဆက်အသုံးပြုခြင်း မပြုရ။
- စည်ပိုင်းထဲသို့ ၅၀ ဒီဂရီ သို့မဟုတ် ယင်းအထက် အပူပေးထားသော ရေအား လောင်းထည့်ခြင်း မပြုရ။
- အောက်ခြေရှိ အဖွင့်များကို ကော်ဇောဖြင့် ပိတ်မထားပါနှင့်။

**အသုံးပြုပြီး ရေဘုံပိုင်ခေါင်းကို ပိတ်ထားပေးပါ။**


(ရေယိုစိမ့်ခြင်းမှ ကာကွယ်ရန်)

**ဤစက်ပစ္စည်းသည် washing machine washable အညွှန်းကပ်ထားသည့် အဝတ်အထည်များအတွက်သာ သင့်လျော်သည်။**





## ဆက်စပ်ပစ္စည်းများ

- ရေပေးဝေ ပိုက်(၁)




- ရေဘုံပိုက်ခေါင်း adaptor (၁)



- ပြင်ပရေဆိုး ထုတ်ပိုက် (၁)



- အောက်ခြေအဖုံး (၁)




- ဝက်အူ (၁)
  အောက်ခြေအဖုံးအတွက်



# စက်လည်ပတ်မှုထိန်းချုပ်ဘောင်ကွက်

### ရေချိန်/ဆပ်ပြာပမာဏ

ရေချိန်အလိုက် ထည့်ရမည့် ဆပ်ပြာပမာဏ ညွှန်ကြားချက်ကို အောက်တွင်ဖော်ပြထားသည်။
( ဆပ်ပြာ တစ်ဂေါ်စာ)




### ရေချိန်/ကျန်ရှိသောအချိန်




ရွေးချယ်ထားသော ပရိုဂရမ်ကို ဖော်ပြသည် (No.)





စတင်လည်ပတ်ပြီးနောက် လျှော်ဖွတ်မည့်အဝတ်အစားပမာဏအလျောက် ရေချိန်ကို ဖော်ပြသည်။




၅ စက္ကန့်ခန့်ကြာပြီးနောက် ခန့်မှန်းခြေကျန်ရှိသော အချိန် (မိနစ်)ကို ဖော်ပြသည်။

### အလိုအလျောက် ပြန်လည်စတင်အချက်ပြမီး

စက်လည်ပတ်နေစဉ် ပါဝါပြတ်တောက်ခြင်းဖြစ်ပေါ်ပါက ရပ်တန့်သွားသော နေရာမှ ပါဝါပြန်လည်ရရှိချိန်တွင် လည်ပတ်မှုကို ပြန်လည်စတင်ပေးပါသည်။ စက်ပြန်လည်ပတ်သောအခါ အချက်ပြမီးလင်းလာသည်။




အထူးသန့်စင်အချက်ပြမီး (P. 7)

လျှော်ဖွတ်/ရေကျင်း/လှည့် (P. 9)

ပရိုဂရမ်ရွေးချယ်ခြင်း (P. 5)

ကလေးများမှ ကာကွယ်အချက်ပြမီး (H. 10)

စတင်သည်။ ရပ်သည်

### ရေချိန်ပြောင်းလဲသတ်မှတ်ခြင်း

စက်လည်ပတ်နေစဉ် “water level” ကိုနှိပ်ပြီး ရေချိန်ပြောင်းလဲသတ်မှတ်ပါ။

- ပရိုဂရမ်ပေါ်မူတည်ပြီး အချို့ရေချိန်ကို ရွေးချယ်၍မရနိုင်ပါ။
- ကျန်ရှိသောအချိန်ကို ပြသထားသောအခါ ရေချိန်ကို စစ်ဆေးရန် “water level” ကို နှိပ်ပါ။

### ကြိုတင်သတ်မှတ်ခြင်း

လျှော်ဖွတ်ခြင်း ပြီးမြောက်မည့် အချိန်ကို သတ်မှတ်ပေးထားပါ။ (နာရီ)





ဥပမာ) ၈နာရီအကြာ

- ချိန်ညှိမှုအမျိုးမျိုး - ၂ - ၂၄ နာရီအကြာတွင် တစ်နာရီတိုး။ ( 6 Soak and Super Clean Program အတွက် ၃ - ၂၄ နာရီအကြာ၊ 7 Speedy program အတွက် ၁ - ၂၄ နာရီအကြာ)
- အောက်ဖော်ပြပါ ပရိုဂရမ်များအတွက် အသုံးမပြုနိုင်ပါ -
  - 2 နူးညံ့သော
  - 4 မွှေးရနံ့
  - 5 စောင်
  - 9 လေမှုတ်အခြောက်ခံခြင်း
  - 10 စည်ပိုင်းသန့်ရှင်းရေး
- ဆပ်ပြာရည် အသုံးပြုနိုင်မည့် နေရာကို စစ်ဆေးပါ။

### ပါဝါအဖွင့်/အပိတ်

ပါဝါဖွင့်ပြီး ၁၀ မိနစ်အတွင်း “Start”/”Pause” ကို မနှိပ်လျှင် အလိုအလျောက် ပါဝါပိတ်သွားသည်။

# ညွှန်ကြားချက်(ပရိုဂရမ်)အမျိုးမျိုး

| ရည်ရွယ်ချက် | | Program | အများဆုံးဆန့်သောပမာဏ |
|---|---|---|---|
| နေ့စဉ်ဝတ်ဆင်သော အဝတ်အထည်များ  | နေ့စဉ်လျှော်ဖွပ်ခြင်း | 1 ပုံမှန် (P. 7) | 9.0 kg |
| | အညစ်အကြေးအနည်းငယ်ကို လျင်မြန်စွာလျှော်ဖွပ်ခြင်း | 7 လျင်မြန်သော (P. 7) | 9.0 kg |
| နူးညံ့သော အဝတ်အထည်များ  | နူးညံ့သော အဝတ်အထည်များကို ညင်သာစွာလျှော်ဖွပ်ခြင်း | 2 နူးညံ့သော (P. 8) | 4.2 kg |
| ကလေးငယ်များနှင့် အထိခိုက်မခံသော အသားအရေရှိသူများအတွက် အဝတ်အထည်များ | နှိုက်နှိုက်ချွတ်ချွတ် ဆေးကြောခြင်း | 3 ကလေးစောင့်ရှောက်မှု (P. 7) | 9.0 kg |
| အထူးပျော့ဆေးအသုံးပြုခြင်း | ပိုမိုပြင်းထန်သော ရနံ့ | 4 မွှေးရနံ့ (P. 7) | 9.0 kg |
| စောင်များ  | | 5 စောင် (P. 8) | 4.2 kg |
| ချေးများသော အဝတ်အထည်များ | လျှော်ဖွပ်ရန် ကြိုတင် ရေစိမ်ထားခြင်း | 6 ရေစိမ်သည် (P. 7) | 9.0 kg |
| | အညစ်အကြေးများကို ဖယ်ရှားခြင်း | အထူးသန့်စင်ခြင်း (P. 7) | 9.0 kg |
| ရေချွေတာသုံးခြင်း<br>* နှိုက်နှိုက်ချွတ်ချွတ်ဆေးကြောသန့်စင်ရန် 1 Normal သို့မဟုတ် 3 Baby-care ပရိုဂရမ်ကို အသုံးပြုပါ | | 8 ရေချွေတာခြင်း (P. 7) | 9.0 kg |
| အနက်ရောင် မှိုဆွဲခြင်းနှင့် အနံ့ဆိုးမှ ကာကွယ်ခြင်း | စည်ပိုင်း ခြောက်သွေ့ခြင်း | 9 လေမှုတ်အခြောက်ခံခြင်း (P. 9) | — |
| | စည်ပိုင်း သန့်ရှင်းခြင်း | 10 စည်ပိုင်း သန့်ရှင်းရေး (P. 11) | — |
| ဒြပ်ဖိုင်ဘာ အဝတ်အထည်များ အခြောက်ခံခြင်း | | 9 လေမှုတ်အခြောက်ခံခြင်း (P. 9) | 2.0 kg |

## အဝတ်အစားပြင်ဆင်ခြင်းနှင့် စစ်ဆေးခြင်း

### သီးသန့်လျှော်ဖွပ်ပါ။



- **အရောင်ကျွတ်လွယ်သော အဝတ်အထည်များ**
- **ဓာတုအမျှင်ဖြင့် ရက်လုပ်ထည်မှ ချည်မျှင်ထည်များ**

  ၁) ချည်မျှင်ထည်များ – မျက်နှာသုတ်ပဝါ၊ ဆွယ်တာ စသည်ဖြင့်။

  ၂) ဓာတုအမျှင်ဖြင့် ရက်လုပ်ထည်များ polyester ဘောင်းဘီ၊ သိုးမွေးဂျာကင်အင်္ကျီ စသည်ဖြင့်။

### အဝတ်မလျှော်ဖွပ်မီ စစ်ဆေးပါ။

**အဝတ်အထည်များ ပျက်စီးခြင်း၊ စက်ချွတ်ယွင်းခြင်းနှင့် ရေနုတ်ခြင်းစနစ် ပျက်ကွက်ခြင်းမှ ကာကွယ်ရန်**

- အကြွေစေ့များ၊ တွယ်အပ်များ၊ စက္ကူညှပ်များ၊ လက်သည်းညှပ်များ စသည်တို့ကို ဖယ်ရှားပါ။
- ကြယ်သီးများကို တပ်ဆင်ထားပြီး ဇစ်ကြိုးများကို ပိတ်ထားပါ။
- အဝတ်လျှော်ဖွပ်ခြင်းမှလွဲ၍ (စက္ကူအနီး ကဲ့သို့) ပစ္စည်းများကို မလျှော်ဖွပ်ပါနှင့်။
- အလွှာကွာကျစေနိုင်သည့် မျက်နှာပြင်နှင့် အဝတ်များကို ပြောင်းပြန်လှန်ထားပါ။
- တိရိစ္ဆာန်မွေး၊ ဆံပင်နှင့် သဲ စသည်တို့ကို ဖယ်ရှားရန် စုတ်တံကိုသုံးပါ။
- ကြိုးများ စသည်တို့ကို ချည်ထားပါ။


### နူးညံ့သော အတွင်းခံအဝတ်အစားများအတွက်သာလျှင် အဝတ်လျှော်ပိုက်ကွန်များကို အသုံးပြုပါ။


- အတွင်းကြေးကြိုးပါသော ဘရာစီယာများ
- ဇာထည်များ၊ အမျိုးသမီးအတွင်းခံနှင့် ခြေအိတ်ရှည်များအတွက် ပိုက်ကွန်ကိုအသုံးပြုပါ။
- တင်းကြပ်အောင် ထုပ်ပိုးမထားပါနှင့်။
- ဇတ်ကြိုး၏ချိတ်နမ ကို အဖုံးထဲထည့်ထားပါ။ (အဝတ်အစားနှင့် အဓိကယူနစ် ပျက်စီးခြင်းမှ ကာကွယ်ရန်)
- 9 Air Dry ပရိုဂရမ်ကို အသုံးမပြုပါနှင့်။ ( မညီမညာခြောက်သွေ့ခြင်းနှင့် အရေးအကြောင်းများမှ ကာကွယ်ရန်)

# ချေးချွတ်ဆေး(ဆပ်ပြာမှုန့်)


**ပြသထားသည့် ရေချိန်နှင့်အညီ ဆပ်ပြာ၊ ချွတ်ဆေးနှင့် ပျော့ဆေးကိုထည့်ပါ။**

- အထုတ်တစ်ခုစီ၏ ညွှန်ကြားချက်များကို လိုက်နာပါ။



- အကယ်၍ ပိတ်သွားပါက ချွတ်ဆေးပေါက်အဖုံးကို ချိတ်ထားပါ။




**မှတ်ချက်**

- ပျော့ဆေး သို့မဟုတ် ချွတ်ဆေးဝင်ပေါက်ထဲသို့ ထည့်ရန် ခက်ခဲပါက စည်ပိုင်းကို လက်ဖြင့်လှည့်ပါ။ (P. 10)
- Preset mode တွင် timer ကိုကြိုတင်သတ်မှတ်ထားသည့်အခါ ချွတ်ဆေးဝင်ပေါက်ထဲသို့ ဆပ်ပြာရည်ကို ထည့်ပါ။

## ဆပ်ပြာမှုန့်ထည့်ခြင်း

**စည်ပိုင်းထဲသို့ ဆပ်ပြာမှုန့်ကို တိုက်ရိုက်မထည့်ပါနှင့်။**
ဆပ်ပြာမှုန့်မပျော်ဝင်ပဲ ကျန်နေလိမ့်မည်။




- အကယ်၍ ဆပ်ပြာမှုန့်များသည် ပျော်ဝင်မှုအားနည်းပါက ချွတ်ဆေးဝင်ပေါက်ထဲသို့ ဆပ်ပြာကိုထည့်ပါ။
- ရေမြှုပ်နှုန်းသည် ဝန်ပမာဏ၊ မြေဆီလွှာအတိုင်းအတာ၊ ဆပ်ပြာအမျိုးအစားနှင့် ရေစေး စသည့်အခြေအနေပေါ်တွင် မူတည်သည်။

## ချွတ်ဆေးထည့်ခြင်း

- အရောင်ကျွတ်ခြင်းကို ကာကွယ်ရန် အရောင်ရှိသော အဝတ်အစားများအတွက် ကလိုရင်းအရောင်ချွတ်ဆေးကို အသုံးမပြုပါနှင့်။
- ကလိုရင်းအရောင်ချွတ်ဆေးကို အသုံးပြုပါက စည်ပိုင်းကို ချွတ်ဆေးမပါပဲ 10 Tub Hygiene ပရိုဂရမ်ဖြင့် ဆေးကြောပေးပါ။ (P. 11)
- 2 Delicate ပရိုဂရမ်အတွက် ချွတ်ဆေးကို အသုံးမပြုပါနှင့်။

## ပျော့ဆေးထည့်ခြင်း

- ပျော့ဆေးကို နောက်ဆုံးဆေးကြောသည့်အဆင့်တွင် အလိုအလျောက်ထွက်လာစေသည်။
- စက်လည်ပတ်နေစဉ်အတွင်း ပျော့ဆေးကိုထည့်ရန် ဦးဆုံး "Pause" ကိုနှိပ်ပါ။
- ၇၀ မီလီမီတာအထိ ထည့်နိုင်သည်။ ပျော့ဆေးပိုမိုထည့်နိုင်ရန် 4 Fragrance ပရိုဂရမ်ကို အသုံးပြုပါ။
- ပျော့ဆေးထည့်ပြီးနောက် အဖုံးကို လုံအောင်ပြန်ပိတ်ပါ။
- ပျစ်သော ပျော့ဆေးကို အသုံးပြုသည့်အခါ ယင်းကို မထည့်မီ ရေနှင့်ရောစပ်ပေးပါ။





**မှတ်ချက်**

- ပျော့ဆေးကို 8 Water Save ပရိုဂရမ်ဖြင့် အသုံးမပြုနိုင်ပါ။
- သီးခြား သို့မဟုတ် အေးခဲနေသော ပျော့ဆေးများကို အသုံးမပြုပါနှင့်။
- အကယ်၍ စက်လှည့်နေစဉ်အတွင်း "Pause" ကိုနှိပ်ပါက ပျော့ဆေးကို စောလွန်းစွာ ထည့်မိပြီး ယင်း၏ထိရောက်မှုကို လျော့ကျသွားလိမ့်မည်။
- ဆေးကြောခြင်းပြီးဆုံးသည့်အချိန်တွင် မထည့်ပါက ပျော့ဆေးကို အလိုအလျောက်ထည့်ပေးလိမ့်မည်မဟုတ်ပါ။

# လျှော်ဖွပ်ခြင်း

## ကြိုတင်ပြင်ဆင်ခြင်း

- အဝတ်လျှော်စက်ကို စနစ်တကျတင်ဆင်ထားခြင်းရှိမရှိ စစ်ဆေးပါ။ (P. 12)
- ရေဘုံပိုင်ခေါင်းကို ဖွင့်ထားပါ။




**1** အဝတ်အစားများထည့်ပြီးနောက်

On / Off — **ပါဝါဖွင့်ပါ**

**2** Program — **ပရိုဂရမ်တစ်ခုရွေးချယ်ပါ။** (P. 5)

Program 1 — ဥပမာ) 1 ပုံမှန်ပရိုဂရမ်

- အထူးသန့်စင်ပရိုဂရမ်ကို ရွေးချယ်ရန် "Super Clean" ကိုနှိပ်ပါ။ (အထူးသန့်စင် အချက်ပြမီး လင်းလာမည်။)

■ Timer preset

**နာရီမည်မျှအကြာတွင် လည်ပတ်မှုကို ပြီးဆုံးရန် သတ်မှတ်ပါ။** (P. 4)

Preset

- စတင်ပြီး ၂ မိနစ်အကြာတွင် "Preset" မှအပ အချက်ပြခြင်း အားလုံး ပိတ်သွားမည်။
- **Timer** ကိုသတ်မှတ်ပြီးသည့်နောက် အတည်ပြုရန် "Preset" ကိုနှိပ်ပါ။
- ပယ်ဖျက်ရန် သို့မဟုတ် ပြောင်းလဲရန် "On/Off" ကိုနှိပ်ပါ။
- ပရိုဂရမ်ပေါ်မူတည်ပြီး နာရီကို ကွဲပြားခြားနားစွာ သတ်မှတ်နိုင်သည်။

**3** Start / Pause — **စတင်ခြင်း**

ရေမပါပဲ Pulsator လည်ပတ်ပြီး လျှော်ဖွပ်မည့်ပမာဏကို တိုင်းတာသည်။ (ခန့်မှန်းခြေ ၅ စက္ကန့်)

▼

**ရေချိန်ညွှန်ပြချက်** (ခန့်မှန်းခြေ ၅ စက္ကန့်)

▼

ကျန်ရှိသောအချိန် ညွှန်ပြချက်

- ရေချိန်ကို စစ်ဆေးရန် → "Water Level" ကိုနှိပ်ပါ။
- ပရိုဂရမ်ကို စစ်ဆေးရန် → "Program" ကိုနှိပ်ပါ။

**4 Fragrance ပရိုဂရမ်ကို ရွေးချယ်သည့်အခါ**

နောက်ဆုံးဆေးကြောခြင်းမတိုင်မီ တတီတီမြည်သံနှင့် လည်ပတ်မှုခေတ္တဆိုင်းငံ့ထားသည်။ ရေနှင့် ရောစပ်ထားပြီးသော ပျော့ဆေးကို မိမိစိတ်ကြိုက်ပမာဏအလျှောက် စည်ပိုင်းထဲသို့ တိုက်ရိုက်ထည့်ပါ။

Fr — တတီတီမြည်သံ ၅ ချက်

- အကယ်၍ အဖုံးကိုပိတ်ထားလျှင် ၁ နာရီအထိ ၁၀ မိနစ်တိုင်း တတီတီမြည်နေမည်။
- အဖုံးကို ၁ နာရီထက်ကြာအောင် ပိတ်ထားလျှင် လည်ပတ်မှု ပြန်လည်စတင်သည်။
- Child Lock ကိုသတ်မှတ်ထားလျှင် 4 Fragrance ပရိုဂရမ်ကို ရွေးချယ်၍ မရနိုင်ပါ။ (P. 10)

**4** ရေချိန်ညွှန်ပြချက်အတိုင်း **ဆပ်ပြာထည့်ပါ။**

- ရေချိန်ပြသပြီးနောက် ခန့်မှန်းခြေ ၂၀ စက္ကန့်အကြာတွင် ရေပေးဝေရေးစတင်သည်။


■ "Start" ကိုနှိပ်ပြီးနောက်

- လျှော်ဖွပ်ခြင်းလုပ်ငန်းစဉ် ပြီးဆုံးသည်အထိ ရေချိန်ကို ပြောင်းလဲနိုင်သည်။
- ပရိုဂရမ်ကို ပြောင်းလဲ၍မရပါ။

**5** **အဖုံးကို ပိတ်ပါ။**


**တတီတီအချက်ပေးသံများဖြင့် လည်ပတ်မှုကို အဆုံးသတ်သည်။**

# လျှော်ဖွတ်ရန်ရွေးချယ်မှုများ




## နူးညံ့သော

ဤပရိုဂရမ်ကို နူးညံ့သောအဝတ်အစားများနှင့် စတိုင်ကျသော အဝတ်အထည်များကို ညင်သာစွာလျှော်ဖွတ်ရန် အသုံးပြုပါ။



အဝတ်အစားများကို ညီညီညာညာထည့်ပါ။

- ● ပထမဦးဆုံး ပိုမိုပေါ့ပါးသော အဝတ်အစားများကိုထည့်ပြီး အပေါ်မှဖိပေးပါ။
- ● အဝတ်လျှော်ပိုက်ကွန်ကို နူးညံ့သော အတွင်းခံအတွက်သာ အသုံးပြုပါ။
- ● တစ်ကြိမ်တွင် လျှော်ဖွတ်နိုင်သော ပမာဏ -

| | |
|---|---|
| ၅၅ လီတာ | ၄.၂ ကီလိုဂရမ် |
| ၄၇ လီတာ | ၃.၀ ကီလိုဂရမ် |

**မှတ်ချက်**


- ● ချွတ်ဆေး အသုံးမပြုပါနှင့်။
- ● နူးညံ့သောဆပ်ပြာရည်ကို အသုံးပြုပါ။
- ● စက်လည်ပတ်ပြီးပါက အဝတ်အစားများကို ချက်ချင်းထုတ်ယူပါ။ (အရေးအကြောင်းများနှင့် အရောင်စွန်းခြင်းမှ ကာကွယ်ရန်)

## စောင်

■ လျှော်ဖွတ်နိုင်သော စောင်များ

- ● အထည်ပစ္စည်း - ၁၀၀ ရာခိုင်နှုန်း ဒြပ်ဖိုင်ဘာ သို့မဟုတ် ၁၀၀ ရာခိုင်နှုန်း ချည်ထည်
- ● အလေးချိန် - ၄.၂ ကီလိုဂရမ် နှင့် အောက်
- ● စက်ဖြင့်လျှော်ဖွတ်နိုင်သော အညွှန်းပါစောင်များ

● စောင်ကို ပိုက်ကွန်ထဲထည့်ပြီး စည်ပိုင်းထဲတွင် ထည့်ပါ။




**မှတ်ချက်**

- ● ဆပ်ပြာရည်ကို အသုံးပြုပါ။
- ● ရေချိန်ညွှန်ပြချက်သည် အများဆုံးရေချိန်ကို ပြသပြီး ပြောင်းလဲ၍မရပါ။

## လေမှုတ်အခြောက်ခံခြင်း

စည်ပိုင်းလှည့်ခြင်းမှ လေမှုတ်ခြင်းဖြင့် အဝတ်အစားများမှ ရေများကို ဖယ်ရှားပေးသည်။

■ **အခြောက်ခံနိုင်သော အဝတ်အစားများ**

- အထည်ပစ္စည်း – ဒြပ်ဖိုင်ဘာ
- အလေးချိန် – ၂ကီလိုဂရမ် နှင့် အောက်

**1** အဝတ်အစားများထည့်၍ အဖုံးကိုပိတ်ပြီးနောက်

On/Off **ပါဝါကို ဖွင့်ပါ**

**2** Program **လေမှုတ်အခြောက်ခံ ပရိုဂရမ်ကို ရွေးချယ်ပါ။**

Program 9

**3** Start/Pause **စတင်သည်**

**မိနစ် ၉၀ ကြာပြီးနောက် တတီတီ မြည်သံများဖြင့် အခြောက်ခံခြင်းပြီးဆုံးသည်။**

မှတ်ချက်

- အဝတ်အစားပမာဏနှင့်အမျိုးအစား၊ အပူချိန်နှင့်အဝတ်လျှော်စက်၏ တပ်ဆင်မှုအခြေအနေပေါ်မူတည်ပြီး အဝတ်အစားလုံလောက်စွာ မခြောက်သွေ့နိုင်ပါ။
- ဤလုပ်ဆောင်မှုအတွက် အပူပေးစက်ကို အသုံးမပြုထားသောကြောင့် အဝတ်အစားများသည် အေးပြီး တစ်ဝက်ခြောက်သွေ့နေသည်ကို ခံစားရမည်။

## လျှော်ဖွတ်သည်/ရေကျင်းသည်/လှည့်သည်

**ကြိုတင်ပြင်ဆင်ခြင်း – ရေဘုံပိုင်ခေါင်းကို ဖွင့်ထားပါ။**

**1** အဝတ်အစားများထည့်ပြီးနောက်

On/Off **ပါဝါကို ဖွင့်ပါ**

**2** Process

မိမိရည်ရွယ်ချက်အတိုင်း

**လုပ်ငန်းစဉ်ဆက်တင်များကို ပြောင်းပါ။**

- လိုအပ်သလို ရေချိန်ကို ပြောင်းလဲပါ။
- ရေကျင်းခြင်းလုပ်ငန်းစဉ်တစ်ခုတည်းကိုသာ ရွေးချယ်၍ မရနိုင်ပါ။

**3** အဖုံးပိတ်ပြီးနောက်

Start/Pause **စတင်သည်**

**တတီတီမြည်သံများဖြင့် လည်ပတ်မှုကို အဆုံးသတ်သည်။**

## ပရိုဂရမ် မာတိကာ

| ပရိုဂရမ် | အချိန်စုစုပေါင်း (ခန့်မှန်းခြေ) | လျှော်ဖွတ်သည် | ရေကျင်းသည် | လှည့်သည် |
|---|---|---|---|---|
| 1 ပုံမှန် | 60 min | 11 min | နှစ်ကြိမ် | 5 min |
| 2 နူးညံ့သော | 40 min | 9 min | နှစ်ကြိမ် | 1 min |
| 3 ကလေးစောင့်ရှောက်မှု | 65 min | 11 min | နှစ်ကြိမ် | 7 min |
| 4 မွေးရန့် | 75 min | 11 min | နှစ်ကြိမ် | 5 min |
| 5 စောင် | 65 min | 13 min | နှစ်ကြိမ် | 3 min |
| 6 ရေစိမ်သည် | 85 min | 39 min [1] | နှစ်ကြိမ် | 5 min |
| 7 လျင်မြန်သော | 35 min | 2 min | နှစ်ကြိမ် | 3 min |
| 8 ရေချွေတာခြင်း | 90 min | 12 min | လေးကြိမ် | 5 min |
| 10 စည်ပိုင်းသန့်ရှင်းရေး | 140 min [2] | 63 min | နှစ်ကြိမ် | 30 min |
| အထူးသန့်စင်ခြင်း | 90 min | 38 min [1] | နှစ်ကြိမ် | 5 min |

မှတ်ချက်

- **စုစုပေါင်းအချိန်သည် ခန့်မှန်းခြေဖြစ်သည်။ (ရေပေးဝေမှုနှုန်းသည် ၁၅ လီတာ။ အနည်းဆုံးဖြစ်သည့် အခါ)**
- ရေဖိအားနည်းခြင်း၊ ရေဆိုးထုတ်မှု ဆိုးဝါးသည့်အခြေအနေနှင့် အဝတ်အစားပမာဏနှင့်အမျိုးအစားပေါ်မူတည်၍ စုစုပေါင်းအချိန် တိုးလာနိုင်သည်။

၁)ဤတွင် ရေစိမ်သောအချိန်နှင့် လျှော်ဖွတ်သောအချိန်ပါဝင်သည်။

၂)မိနစ် ၉၀ သို့မဟုတ် ထိုထက်နည်းသောအချိန်ကို ပြသလိမ့်မည်။

- - → 90

# အဆင်ပြေလုပ်ဆောင်ချက်များ

## တတီတီမြည်သံကို ပယ်ဖျက်ခြင်း

**1** Start/Pause နှိပ်ထားပါ

On/Off နှိပ်ပါ

**ပြီးနောက် ၃ စက္ကန့်အကြာ ဖိနှိပ်ထားပါ။**

(တတီတီမြည်သံ ၂ ချက်)

(တတီတီမြည်သံ ၄ ချက်)

- ပြန်လည်စတင်ရန် တူညီသည့်လုပ်ထုံးလုပ်နည်း အတိုင်း လုပ်ဆောင်ပါ။

## Child Lock ဆက်တင်

ကလေးများအား စည်ပိုင်းထဲသို့ ကျခြင်းနှင့်ရေနစ်ခြင်းမှ ကာကွယ်ရန် အတွက် အဝတ်လျှော်စက်လည်ပတ်နေစဉ်တွင် အဖုံးပွင့်နေပါက ဤလုပ်ဆောင်မှုသည် အဖုံးပိတ်လိုက်သည်အထိ တတီတီမြည်နေ လိမ့်မည်။ ၁၀ စက္ကန့်အတွင်း မပိတ်ပါက ရေများအပြင်သို့ လွှင့်စင်လာမည်။

- ဤလုပ်ဆောင်ချက်သည် အဖုံးနှင့် ခလုတ်လည်ပတ်မှုများကို သော့ခတ်မထားပါ။
- ရေကို အတင်းအကျပ်ညှစ်ထုတ်သောအခါ "U99" ကိုပြသည်။ (P. 15)

**1** အဖုံးပိတ်ပြီးနောက်

On/Off **ပါဝါဖွင့်ပါ။**

**2** Program **၅ စက္ကန့်အကြာ ဖိနှိပ်ထားပါ။**

(တတီတီမြည်သံ ၂ ချက်)




- ပယ်ဖျက်ရန် တူညီသည့်လုပ်ထုံးလုပ်နည်းအတိုင်း လုပ်ဆောင်ပါ။


(တတီတီမြည်သံ ၂ ချက်)

## စည်ပိုင်းကို လက်ဖြင့်လှည့်ခြင်း

ပျော့ဆေး သို့မဟုတ် ချွတ်ဆေးဝင်ပေါက်ကို လက်လှမ်းမီရန် ခက်ခဲပါက

**1** On/Off **ပါဝါဖွင့်ပါ။**

**2** နှိပ်လိုက်သည့်အသံကြားပါက **စည်ပိုင်းကိုလှည့်ပါ။** (လက်ယာရစ်ဖြင့်သာ)




**မှတ်ချက်**

- စည်ပိုင်းထဲတွင် ရေရှိလျှင် သို့မဟုတ် "Start" ကိုနှိပ်ထားလျှင် စည်ပိုင်းကို လှည့်၍မရပါ။


# ပြုပြင်ထိန်းသိမ်းခြင်း

## ရေစစ်စ


### လည်ပတ်မှု တစ်ခုပြီးတိုင်း





**1** ရေစစ်စကို ဖယ်ရှားလိုက်ပါ




**2** ရေစစ်ကိုဖွင့်ပြီး အစကို ဖယ်ရှားလိုက်ပါ။



- အစကို ဖယ်ရှားရန်ခက်ခဲနေပါက ရေစစ်ကို ရေတွင်နှစ်ပြီး ဆေးကြောပါ။



**3** မူလနေရာတွင် ပြန်လည်တပ်ဆင်ပါ။





**မှတ်ချက်**

- အဝတ်အစားများကို ရေစစ်မပါပဲ လျှော်ဖွတ်ခြင်းမပြုပါနှင့်။ (အဝတ်အစားများ ပျက်စီးခြင်းမှကာကွယ်ရန်)
- ရေစစ်ကို ဖယ်ရှားရန် ခက်ခဲနေလျှင် စည်ပိုင်းကို လက်ဖြင့်လှည့်ပါ။
- ရေစစ်ပျက်စီးနေလျှင် နီးစပ်ရာ Panasonic Service Centre တွင် အသစ်တစ်ခု ဝယ်ယူတပ်ဆင်ပါ။
- စက်လည်ပတ်မှုမစတင်မီ ဖော်ပြထားသည့်လမ်းညွှန်မှုအတိုင်း အဝတ်အစားများကို ခွဲခြားထားပါ။ သို့မှသာ ချည်စကို ရေစစ်မှ စုဆောင်းပေးနိုင်လိမ့်မည်။

## ရေပေးဝေရေး ရေစစ်

### ရေအလွယ်တကူစီးဆင်းမှုမရှိလျှင်

မှတ်ချက်



- အဆို့ရှင်ပျက်စီးခြင်းကို ရှောင်ရှားရန် ရေစစ်ကို မဖောက်ပါနှင့်။
- ရေပေးဝေမှုတွင် မှို၊ သံစသည်ကဲ့သို့သော အညစ်အကြေးများရှိလျှင် အဆို့ရှင်ကို မကြာခဏ ဆေးကြောပေးပါ။
- ရေစင်ထွက်လာခြင်းကို ကာကွယ်ရန် အောက်ပါနည်းလမ်းများကို လိုက်နာပါ။

**1** ရေဘုံပိုင်ခေါင်းကို ပိတ်ပြီးနောက်


On/Off — ပါဝါဖွင့်ပါ

**2** Start/Pause — စတင်ပါ

**3** စက္ကန့်(၄၀)ခန့် ကြာပြီးနောက်


On/Off — ပါဝါပိတ်ပါ

**4** မူလီခေါင်းကို ချွတ်ပြီး ရေပိုက်ကို ဖယ်ရှားပါ။



**5** ရေစစ်ကိုဖယ်ရှားပြီး အညစ်အကြေးများကို သန့်ရှင်းပါ။

Water supply filter



## အဝိကယူနစ်၊ အဖုံး

### ဆပ်ပြာ(သို့)ပျော့ဆေးဖြင့် အစွန်းအထင်းများချွတ်လျှင်

**နူးညံ့ပျော့ပျောင်းသောအဝတ်ဖြင့် သုတ်ပါ။**

(ကော်စေးကပ်သောအစိတ်အပိုင်းများ သို့မဟုတ် သတ္တုချေးပျက်စီးမှုမှ ကာကွယ်ရန်)

- မြေအစွန်းအကွက်များအတွက် မီးဖိုချောင်သုံး ဆပ်ပြာဖြင့် သုတ်ပစ်ပါ။
- ရေမဖြန်းပါနှင့်။

## စည်ပိုင်း

### တစ်ပတ်တစ်ကြိမ် (လေမှုတ်အခြောက်ခံခြင်း)

**1** စက်လည်ပတ်ပြီးနောက်

**အဝတ်အစားများမထည့်ပဲ**

**9 လေမှုတ်အခြောက်ခံ ပရိုဂရမ်ကိုဖွင့်ပါ။ (P.9)**

Program 9

### တစ်ပတ်တစ်ကြိမ် (စည်ပိုင်းသန့်ရှင်းရေး)

ကြိုတင်ပြင်ဆင်ခြင်း – ရေဘုံပိုင်ခေါင်းကိုဖွင့်ပါ။

**1** အဝတ်အစားများမထည့်ပဲ

On/Off — ပါဝါဖွင့်ပါ

**2** Program — 10 စည်ပိုင်းသန့်ရှင်းရေး ပရိုဂရမ်ကို ရွေးချယ်ပါ။

Program 10

**3** Start/Pause — စတင်ပါ

စည်ပိုင်းရေပြည့်လာသောအခါ

Start/Pause — **ခေတ္တရပ်လိုက်ပါ။**

**4** **စည်ပိုင်းထဲသို့ ချွတ်ဆေးထည့်ပါ။**

အဝတ်အစားများအတွက် အသုံးပြုသော ကလိုရင်းချွတ်ဆေးကို သုံးပါ။



ခန့်မှန်းခြေ ၂၀၀ မီလီလီတာ

**5** အဖုံးပိတ်ပြီးနောက်


Start/Pause — စတင်ပါ

ခန့်မှန်းခြေ ၂ နာရီကြာပြီးနောက် စည်ပိုင်းသန့်ရှင်းရေးပြီးဆုံးသည်။

## ဆပ်ပြာဘူး

**ရေဖြင့်ဆေးကြောပါ။**

■ ဖယ်ရှားပုံ




ဘူးကိုဖယ်ရှားရန် အပြင်သို့ဆွဲထုတ်ပြီး အထက်သို့တစောင်းအနေအထား အတိုင်း ဆွဲထုတ်ပါ။

# စက်ကိရိယာတပ်ဆင်ခြင်း

## (၁)တည်နေရာ စစ်ဆေးပါ။


■ တပ်ဆင်မှုအတွက် အောက်ပါတည်နေရာများကိုရှောင်ပါ။

- အေးခဲနိုင်ဖွယ်ရှိသော နေရာများ
- စိုစွတ်သောနေရာများ သို့မဟုတ် မိုးရွာလျှင် ထိတွေ့စေနိုင်သည့် နေရာများ စသည်ဖြင့်။ (လျှပ်စစ်ရှော့ခ် သို့မဟုတ် မီးဘေးမှ ကာကွယ်ရန်)
- မညီညာသော သို့မဟုတ် မတည်ငြိမ်သော နေရာများ (အုတ်ခဲ၊ သစ်သားတုံးပေါ်၊ ဘီးပါသည့် စားပွဲ စသည်)





## (၂)အောက်ခြေအဖုံးကို တပ်ဆင်ပါ။

**1** အောက်ခြေအဖုံးကို ဘေးဘောင်အထိန်းများအတိုင်း ထည့်ပါ။



**2** ဝက်အူဖြင့် တပ်ဆင်ပါ။




## (၃)ပြင်ပရေဆိုးထုတ်ပိုက်ကို တပ်ဆင်ပါ။

**1** ချိတ်ဆက်သည်။





တံတောင်ဆစ်ချိုးကို အပေါ်ဘက်သို့ ဦးတည် မထားပါနှင့်။





**2** မြားဦးတည်ချက်အတိုင်း ရေပိုက်အရစ်ကို လျှိုသွင်းပါ။

- အဆုံးထိ တစ်လျှောက်လုံး လျှိုသွင်းပါ။





မှတ်ချက်


- ရေပိုက်အစွန်အဖျားကို ရေအောက်တွင် မထားပါနှင့်။



- ရေပိုက်ကို ကြမ်းပြင်မှ ၁၀ စင်တီမီတာထက် ပိုသောအမြင့်တွင် မတင်ထားပါနှင့်။





- ၃ မီတာထက်ပိုပြီး ဆွဲဆန့်မထားပါနှင့်။



■ တပ်ဆင်မှုအတွက် ဝန်ဆောင်မှုပေးသူအား ဆက်သွယ်မေးမြန်းပါ။ ကိုယ်တိုင်မတပ်ဆင်ပါနှင့်။
■ အကယ်၍ အဝတ်လျှော်စက်အား တပ်ဆင်ခြင်း၊ စမ်းသပ်ခြင်းနှင့် စစ်ဆေးခြင်းကို ဤတပ်ဆင်သည့် နည်းလမ်းအတိုင်း လိုက်နာမပြုလုပ်ပါက Panasonic မှ မည်သည့်မတော်တဆမှု သို့မဟုတ် ပျက်စီးမှုအတွက် တာဝန်ယူမည်မဟုတ်။

## (၄)ရေပိုက်အဒက်တာနှင့် ရေပေးဝေသောပိုက်ကို ချိတ်ဆက်ထားပါ။





### ⚠ သတိ

- မူလီခေါင်းကို တင်းကျပ်ခိုင်မာအောင်တပ်ဆင်ပါ။
- ရေပိုက်ကို ဖြုတ်တောက်ခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ ထိုးသိပ်ထည့်ခြင်း၊ လိမ်ထည့်ခြင်းမပြုလုပ်ရ။


### 1 ရေပိုက်အဒက်တာကို ရေဘုံပိုင်ခေါင်းနှင့် ချိတ်ဆက်ထားပါ။

၁) အပိုင်း ဗ ကို ဝဲဘက်သို့ ၄ မီလီမီတာခန့် ဝက်အူရစ်ပေါ်လာသည်အထိ လှည့်ပါ။
၂) ဝက်အူ ၄ လုံးကို ဖြုတ်ပါ။
၃) ရေဘုံပိုင်ခေါင်းကို ချိတ်ဆက်ပြီး ဝက်အူဖြင့် တင်းကျပ်အောင်လုပ်ပါ။
၄) အပိုင်း ဗ ယာဘက်သို့လှည့်ပြီး လုံခြုံအောင် တင်းကျပ်ထားပါ။ (ရေယိုစိမ့်ထွက်ခြင်းမှ ကာကွယ်ရန်)





### 2 ရေပေးဝေသောပိုက်ကို ရေပိုက်ခေါင်း အဒက်တာတွင် ချိတ်ဆက်ထားပါ။

မောင်းတံကို အောက်သို့ တွန်းထားစဉ် အဒက်တာ ထဲသို့ ပိုက်ကိုထည့်ပြီး မောင်းတံ၏လက်သည်းကို အဒက်တာ၏ ဘောင်ကွပ်ပေါ်သို့ ချိတ်ထားပါ။




### 3 ရေပေးဝေသောပိုက်ကို ရေပေးဝေရေး အဆို့ရှင်ဝက်အူနှင့် ချိတ်ဆက်ပါ။

၁) တံတောင်ဆစ်ချိုးကို ကိုင်ထားပြီး မူလီခေါင်းကို တင်းကျပ်အောင်လုပ်ပါ။
၂) တံတောင်ဆစ်ချိုး ချောင်မနေစေရန် စစ်ဆေးပါ။





## (၅)ပါဝါပလတ်ခေါင်းနှင့် မြေစိုက်ကြိုးတပ်ဆင်ခြင်း

- မြေစိုက်ကြိုးတပ်ဆင်ရန် ဝန်ဆောင်မှုပေးသူအား မေးမြန်းပါ။
- ၂-ပင်ကြိုးဖြစ်နေပါက မြေစိုက်ကြိုးငုတ် တည်ဆောက်ပါ။

## (၆)အဝတ်လျှော်စက်မျက်နှာပြင် ညီညာမှုရှိမရှိ စစ်ဆေးပါ။

■ **အဝတ်လျှော်စက် ယိမ်းယိုင်တိမ်းစောင်းနေလျှင်**




## (၇)စမ်းသပ်လည်ပတ်မှု ပြုလုပ်ခြင်း


- ရေယိုစိမ့်မှု၊ မူမမှန်သောအသံများ သို့မဟုတ် မှားယွင်းချက် ပြသမှုမရှိစေရန် စစ်ဆေးပါ။

# ပြဿနာအား ရှာဖွေရှင်းပေးခြင်း

| | လက္ခဏာများ | စစ်ဆေးရမည့် အချက်များ |
|---|---|---|
| အချိန် | အချိန်ညွှန်ပြချက် တိုးလာခြင်း သို့မဟုတ် မပြောင်းလဲခြင်း | • အချိန်ညွှန်ပြချက်သည် အနီးစပ်ဆုံးဖြစ်သည်။ ကျန်ရှိသောအချိန်ကို လည်ပတ်စဉ်အတွင်း မှန်အောင်ပြင်ပေးပြီး ပြသသည်။ |
| | လည်ပတ်ချိန်သည် အချိန်ညွှန်ပြချက်ထက် ပိုကြာသည်။ သတ်မှတ်ထားသောအချိန်ပြီးနောက် လည်ပတ်မှု ရပ်တန့်မသွားပါ။ | • အဝတ်အစားများသည် တစ်ဖက်တွင် စုစည်းနေခြင်း သို့မဟုတ် ရေပေးဝေမှု သို့မဟုတ် ရေဆိုးထုတ်မှုမကောင်းလျှင် လည်ပတ်ချိန် ပိုကြာနိုင်သည်။ (P. 15 “U 11” “U 14”) |
| အဓိကယူနစ် | လည်ပတ်မှုမရှိခြင်း | • ပါဝါပြတ်တောက်နေသလား။<br>• အဖုံးလုံအောင်ပိတ်ထားပါသလား။<br>• ပါဝါဖျူးပြတ်နေလား သို့မဟုတ် ဘမနဇနမ ခလုတ်ကျနေပါသလား။<br>• ပါဝါပလတ်ကို အဆုံးထိ ထိုးထားပါသလား။<br>• ရေဘုံပိုင်ခေါင်းကို ဖွင့်ထားပါသလား။<br>• “Start” ကိုနှိပ်ပါသလား။<br>• Timer ကို ကြိုတင်သတ်မှတ်ထားပါသလား။ |
| လျှော်ဖွပ်သည် | ရေပေးဝေမှုမရှိပါ။ | • ရေဘုံပိုင်ခေါင်းကို ဖွင့်ထားပါသလား။<br>• ရေပြတ်တောက်နေပါသလား။<br>• ရေပေးဝေမှုရေစစ်သည် အညစ်အကြေးများဖြင့် ပိတ်နေပါသလား။ (P. 11) |
| | ရေကို လျှော်ဖွတ်သည့် လုပ်ငန်းစဉ် တစ်ဝက်ပြီးမြောက်စဉ် ထောက်ပံ့သည်။ | • ရေချိန် လျော့ကျသွားလျှင် ရေကိုအလိုအလျောက်ဖြည့်သည်။<br>• အဝတ်အစားများပြီး ရေကို အကြိမ်ပေါင်းများစွာ အလိုအလျောက်ဖြည့်သည်။ |
| | ထည့်ထားသော အဝတ်အစားပမာဏအတွက် ရေချိန်များလွန်းနေသည်။ | • လည်ပတ်မှုမစတင်မီ အဝတ်အစားများ ရေစိုနေလျှင် သို့မဟုတ် စည်ပိုင်းတွင် ရေရှိနေလျှင် ရေချိန်ပိုများနိုင်သည်။ |
| | ထည့်ထားသော အဝတ်အစားပမာဏအတွက် ရေချိန်နည်းလွန်းသည်။ | • ပေါ့ပါးသောအဝတ်အစားများ (ဒြပ်ဖိုင်ဘာ စသည်ဖြင့်) အတွက် ရေချိန်နည်းနိုင်သည်။ |
| ရေကျင်းသည်/လှည့်သည် | ရေကျင်းသည့် လည်ပတ်မှု စတင်သော်လည်း ရေထောက်ပံ့မှုမရှိ။ | • စည်ပိုင်းထဲတွင် ရေမရှိပါက လှည့်ပြီးနောက် ရေကိုထုတ်ပေးသည်။<br>• စည်ပိုင်းထဲတွင် ရေရှိပါက ရေစွန့်ထုတ်ပြီးနောက် ရေကိုထုတ်ပေးသည်။ |
| | လှည့်နေစဉ်အတွင်း လုပ်ငန်းလည်ပတ်မှုသည် ရုတ်တရက် ရေကျင်းခြင်းဖြစ်စဉ်သို့ ပြောင်းလဲသွားသည်။ လှည့်ခြင်းကို အလိုရှိသော်လည်း ရေကျင်းခြင်းကိုသာ လုပ်ဆောင်သည်။ | • အဝတ်အစားများသည် စည်ပိုင်း၏တစ်ဖက်တွင် စုစည်းနေလျှင် အဝတ်လျှော်စက်သည် ရေကျင်းခြင်းလုပ်ငန်းစဉ်ကို စတင်ခြင်းဖြင့် မညီမျှမှုကို အလိုအလျောက်ပြုပြင်ပေးသည်။ (အဝတ်အစားများကို တတ်နိုင်သမျှ အညီအမျှထားပါ။) |
| | လှည့်နေစဉ်အတွင်း ပုံမှန်မဟုတ်သော လည်ပတ်မှု | • လှည့်နေစဉ် အမြှုပ်လျှော့ချရန် စည်ပိုင်းလည်ပတ်နှုန်းကို ချိန်ညှိပေးသည်။ |
| အခြားအကြောင်းအရာများ | ပါဝါပြတ်တောက်ခြင်း/ **braker** ခလုတ်ကျခြင်း | • “Auto Restart”သည် ပါဝါပြန်လည်ရရှိပါက ရပ်တန့်သည့်နေရာမှစ၍ လုပ်ငန်းပြန်လည်စတင်သည်။ |
| | ရေပြတ်တောက်ခြင်း | • ရေပေးဝေမှုပြန်လည်ရရှိလာသည့်အခါ ရေပေးဝေသောပိုက်ကို ဖယ်ထုတ်ပြီး ရေဘုံပိုင်ခေါင်းမှ အနည်များကို ထုတ်လွှတ်ပစ်ပါ။ ပြီးနောက် အဝတ်လျှော်စက်ကို စတင်ပါ။ |
| | **4 Fragrance** ပရိုဂရမ်ကို ရွေးချယ်မရပါ။ | • Child Lock (P. 10) **ကို သတ်မှတ်ထားလျှင်** 4 Fragrance **ပရိုဂရမ်ကို ရွေးချယ်မရပါ။** |

# မှားယွင်းချက် ပြသပေးခြင်း

- တတီတီမြည်ပြီး “U”/ “H” နှင့် နံပါတ်တစ်ခုကို တစ်လှည့်စီပြသသည်။
- Child Lock ကို သတ်မှတ်ပေးထားလျှင် ပယ်ဖျက်ပါ။ (P. 10)

| မှားယွင်းချက် ပြသပေးခြင်း | စစ်ဆေးရမည့် အချက်များ |
|---|---|
| U 11 | **ရေဆိုးစွန့်ထုတ်မရပါ။**<br>**အောက်ဖော်ပြပါ ပုံမှန်မဟုတ်ခြင်းများအတွက် ရေဆိုးထုတ်ပိုက်ကို စစ်ဆေးပါ။**<br>● ရေပိုက် ပျက်စီးနေပါသလား။<br>● အစအနများဖြင့် ပိတ်ဆို့နေပါသလား။<br>● ရေပိုက်အစွန်အဖျားသည် ရေအောက်တွင်နစ်နေပါသလား။<br>● ရေပိုက်ကို ကြမ်းပြင်မှ ၁၀ စင်တီမီတာထက်ပိုသောအမြင့်တွင် တင်ထားပါသလား။ (P. 12)<br>● ပိုက်ကို (ကြားဆက်ပိုက်အပါအဝင်) ၃ မီတာထက်ပိုပြီး ဆွဲဆန့်ထားပါသလား။ (P. 12)<br>အထက်ပါ ပြဿနာများကို ဖြေရှင်းပြီးပါက အဖုံးဖွင့်ခြင်းနှင့် ပိတ်ခြင်းဖြင့် လည်ပတ်မှုကို ပြန်လည်စတင်နိုင်ပါသည်။ |
| U 12 | **အဖုံးဖွင့်ထားသည်။**<br>● အဖုံးပွင့်လျက် အဝတ်လျှော်စက်ကို လည်ပတ်ရန် လုပ်ဆောင်စေခဲ့ပါသလား။<br>→ အဖုံးကို ပိတ်ပါ။ |
| U 13 | **လှည့်ခြင်း သို့မဟုတ် လေမှုတ်အခြောက်ခံ၍ မရပါ။**<br>● အဝတ်အစားများသည် စည်ပိုင်း၏ တစ်ဖက်တွင် စုစည်းနေပါသလား။<br>→ အဝတ်အစားများကို အညီအမျှဖြန့်ထားပေးပြီး အဖုံးကိုပိတ်ပါ။<br><br>● အဝတ်လျှော်စက်ကို မတည်ငြိမ်သော သို့မဟုတ် တိမ်းစောင်းနေသာမျက်နှာပြင်ပေါ်တွင် တပ်ဆင်ထားပါသလား။<br>→ အဖုံးဖွင့်ခြင်းနှင့် ပိတ်ခြင်းဖြင့် လည်ပတ်မှုကို ပြန်လည်စတင်နိုင်ပါသည်။ |
| U 14 | **ရေပေးဝေ၍ မရပါ။**<br>● ရေဘုံပိုင်ခေါင်းကို ဖွင့်ထားပါသလား။<br>● ရေပြတ်တောက်နေပါသလား။<br>● ရေပေးဝေမှု ရေစစ်သည် အညစ်အကြေးများဖြင့် ပိတ်ဆို့နေပါသလား။ (P. 11)<br>အဖုံးဖွင့်ခြင်းနှင့် ပိတ်ခြင်းဖြင့် လည်ပတ်မှုကို ပြန်လည်စတင်နိုင်ပါသည်။ |
| U 99 | **ရေကို အတင်းအကြပ်ညှစ်ထုတ်စွန့်ပစ်သည်။**<br>● Child Lock ကို သတ်မှတ်ထားပြီး အဖုံးကို ၁၀ စက္ကန့် သို့မဟုတ် ထိုထက်မက ဖွင့်ထားသောကြောင့် ရေကို အတင်းအကြပ်ညှစ်ထုတ်စွန့်ပစ်သည်။ (P. 10)<br>→ ပါဝါကြိုးကို ဖြုတ်ပြီး ၅ စက္ကန့်ကြာပြီးနောက် ပလတ်ကို ပြန်လည်တပ်ဆင်ပါ။ |
| H □□ | **စစ်ဆေးရန်လိုအပ်သည်။**<br>● ပါဝါကြိုးကို ဖြုတ်ပါ။ ထို့နောက် ပြသထားသော အမှား (“H” နောက် ဂဏန်း ၂ လုံး) ကို ဝန်ဆောင်မှုပေးသူထံ သတင်းပို့ပါ။ |

# ခွဲခြားဖော်ပြပေးခြင်း

| | **NA-F90S7** |
|---|---|
| အဆင့်သတ်မှတ်ထားသော ဗို့အား | 220 - 240 V |
| အဆင့်သတ်မှတ်ချက်ကြိမ်နှုန်း | 50 Hz |
| အဆင့်သတ်မှတ်ထားသော စွမ်းအင်သုံးစွဲမှု | 490 W |
| ရေပမာဏ စံနှုန်း | 69 L |
| အများဆုံး ဆံ့သောပမာဏ | 9.0 kg |
| ကုန်ပစ္စည်းအရွယ်အစား | 595 mm (W) x 626 mm (D) x 995 mm (H) |
| ကုန်ပစ္စည်းအလေးချိန် | 34 kg |
| ဘုံပိုင်ရေဖိအား | 0.01 - 1 MPa |

Panasonic Corporation
http://www.panasonic.com
© Panasonic Appliances Vietnam Co., Ltd. 2017